**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်**

**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)**

## တီဘီရောဂါရှာဖွေကုသမှုနှင့်ပတ်သက်၍ မဖြစ်မနေသတင်းပေးပို့ရန်အတွက် ထုတ်ပြန်ကြေငြာခြင်း

## Mandatory TB Case Notification

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့က တီဘီရောဂါတွေ့ရှိခြင်း၊ ကုသခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းပေးပို့ရေးအတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၄၂ ၊ ပုဒ်မခွဲ(ခ)ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ တီဘီရောဂါသည် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး အဓိကပြဿနာတစ်ရပ်ဖြစ်သဖြင့် တိကျမှန်ကန်စွာ ရောဂါဖော်ထုတ်ပြီး ဆောလျင်စွာဆေးကုသမှုပေးခြင်းဖြင့် တီဘီရောဂါကူးစက်မှုကို ဟန့်တားကာကွယ်ရန် လွန်စွာအရေးကြီးပါသည်။

၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် မိမိထံ၌ ဆေးကုသမှုခံယူသော လူနာတစ်ဦးဦးတွင် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွေ့ရှိပါက ယင်းသို့တွေ့ရှိသည့်နေ့မှ ရက်သတ္တတစ်ပါတ်အတွင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သတင်းပေးပို့ရမည် -

(က) သလိပ်စစ်ဆေးခြင်း၊ GeneXpert စစ်ဆေးခြင်း သို့မဟုတ် တီဘီပိုးမွေးမြူခြင်းမှ တီဘီပိုး တွေ့ရှိခြင်း၊

(ခ) ရင်ခေါင်းဓာတ်မှန်တွင် တီဘီဟု ယူဆရသော အရိပ်တွေ့ရှိခြင်း၊

(ဂ) အဆုတ်မှအပ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းတွင် တီဘီရောဂါတွေ့ရှိခြင်း။

၄။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ တီဘီတာဝန်ခံသည် သတင်းပို့ချက်များကို စုစည်း၍ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူပြီး မိတ္တူကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း(ဗဟို)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနသို့ (၃)လတစ်ကြိမ် သတင်းပေးပို့ရမည်။

၅။ တီဘီရောဂါနှင့်စပ်လျဉ်း၍ သတင်းပေးပို့ရမည့်ပုံစံ(Form)ကို သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် အခမဲ့တောင်းခံရယူနိုင်သည်။ ၎င်းအပြင် Electronic ပုံစံ(Form)ဖြင့် သတင်းပေးပို့လိုပါက ntp.notify@gmail.com သို့ သတင်းပေးပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၆။ ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ပုဂ္ဂလိကဆေးခန်းတွင် လုပ်ကိုင်သောကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် တီဘီရောဂါဝေဒနာရှင်ကို ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ တီဘီရောဂါရှာဖွေရေးနှင့် ကုသမှုဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များ (National Guidelines)နှင့်အညီ ဆောင်ရွက်ရမည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(က)၂၀၁၈/ ၁၆၀၁၂

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

နေပြည်တော်

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

ညွှန်ကြားရေးမှူးချုပ်၊ ⎫ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎭ မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများအားလုံး

အမိန့်အရ

(ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း)

အမြဲတမ်းအတွင်းဝန်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန